# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ (၁၂. ၇. ၂၀၁၆) ရက်နေ့တွင် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းသည့် အဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ"**ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီ မြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စု အတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တု တူးဖော် နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန်**" ဆိုတဲ့အဆိုပဲဖြစ်ပါတယ်။ ယခုဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးဘဝနှင့်ဆန္ဒ တစ်ထပ်တည်းကျပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ရှင်။ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်ရှင်။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း ၂၀၁၁ ခုနှစ်မှစတင်၍ အလင်းသစ်(၇) သတ္တုတူးဖော်ရေးကုမ္ပဏီမှ ကျောက်မီးသွေးများကို နမ့်တူမြစ်တောင်ဘက် ကမ်းနံဘေးတွင် တူးဖော်ထုတ်လုပ် လျက်ရှိပါသည်။ ကျောက်မီးသွေးတူးဖော်ရာတွင် စက်ယန္တရားကြီးများ အသုံးပြု၍ တူးဖော်သည့်အတွက် စွန့်ပစ်မြေစာများ၊ ကျောက်တုံး ကျောက်ခဲများ၊ ဖြုံးများကို နမ့်တူမြစ်ကမ်းဘေးသို့ စုပုံထားသည်ကို တွေ့ရှိရပါသည်။ယင်းစွန့်ပစ်မြေစာများ၊ ကျောက်တုံးကျောက်ခဲများ၊ ဖြုံးသဲများသည် နမ့်တူမြစ်ထဲသို့ ပြိုကျပိတ်ဆို့ခြင်းကြောင့် စိုက်ပျိုးမြေများ၊ လယ်များရေကြီးနစ်မြှုပ်နိုင်သည့် ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။ မိုင်းပါးကျေးရွာအုပ်စု မန်လုံရွာထိပ်ကတ္တားလုပ်ထားသည့် နေရာတွင်လည်း ကျောက်မီးသွေးများ တင်ဆောင်လာပြီး တန်ပိုပါက ရွာထိပ်တွင် စုပုံထားသည့်အတွက် အနံ့များကို နေ့ရော ညပါ မိဘ ပြည်သူများရှူရှိုက်နေရသဖြင့် ကျန်းမာရေး ထိခိုက်ခြင်း၊ ကျောက်မီးသွေးတင် ၁၂ ဘီးယာဉ်ကြီးများ ဖြတ်သန်း သွားလာခြင်း ကြောင့် လမ်းများပျက်စီးနေပါသည်။ အလင်းသစ်(၇) ကုမ္ပဏီမှ ထိုင်းပညာရှင်များကို ခေါ်လာပြီး ကျောက်မီးသွေးများကိုလာရောက် တူးဖော်စမ်းသပ်စေခြင်းကြောင့် နိုင်ငံခြားသားလက်ထဲသို့ ရောက်ရှိ သွားမည်ကိုလည်း ခြံပိုင်ရှင်များက စိုးရိမ်ကြောင့်ကြ မှုများရှိပါသည်။ ၂၀၁၆ မေ ၇ ရက်နေ့မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်မှာ ကျွန်မတင်ပြ တောင်းဆိုခဲ့ ပါတယ်။ အလင်းသစ်(၇)ကုမ္ပဏီအား ပိတ်သိမ်းပြီး စိစစ်ပေးဖို့ အဆိုကိုတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဤတင်ပြမှု ကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၁၀-၅-၂၀၁၆နေ့စွဲပါစာအမှတ် ၅၆၉၈/၇-၁၁၂/ အစရ(ရှမ်း)၏ ရည်ညွှန်းစာအရကုမ္ပဏီမှ ပြန်လည်ဖြေရှင်းချက်မှာ တောင်သူများ၏တင်ပြချက်နှင့် -

(၁) ၁ ဧကလျှင် လျော်ကြေး(၄)သိန်းပေးမည်ဆိုသော် လည်း မပေးလျော်ခဲ့ခြင်း။ ကုမ္ပဏီက ဖြေရှင်းတဲ့ အခါမှာ ပထမဦးစွာ ကျောက်မီးသွေး ရှိ/မရှိ စမ်းသပ်၍ ကျင်းတူးခြင်းသာဖြစ် ပါသည်။ ကျောက်မီးသွေးရှိပါက ကတိအတိုင်း (၄)သိန်း ပေးပါမည်။ မရှိပါကမြေကိုမယူပါ ကျောက်မီးသွေး ရှိပါကလည်း တူးဖော် ထုတ်လုပ်ပြီးပါက မြေပြန်လည်ဖို့ပေးပြီး သက်ဆိုင်ရာ တောင်သူသို့ မြေကို ပြန်ပေးပါမည်။ မတူးဖော်မီနှင့် တူးဖော်ပြီးပါက တောင်သူများမှ မိမိအပိုင် အဖြစ် စိုက်ပျိုး သွားရန်ဖြစ်ပါသည်လို့ ဖြေထားပါတယ်။ မတူးသေးပါဘူးလို့ပြောပြီး ယခုလုပ်ကွက် ၃ နဲ့ လုပ်ကွက် ၄ မှာ ၄၆ ဧကနီးပါးကို တူးထားခြင်း ဖြစ်ပါတယ်ရှင်။

(၂) တောင်သူများကိုအသိမပေးပဲ ပုံစံ ၁၀၅ ရယူ၍ မြေကို အပိုင်သိမ်းခြင်းဟု ပြည်သူတွေက ပြောပါတယ်။ ၄င်းကိုအလင်းသစ်က တူးဖော်ခွင့် လျှောက်ထားရာတွင် ပုံစံ ၁၀၅ လိုအပ်သဖြင့် ရယူခြင်း ဖြစ်ပါသည်။ မြေကိုအပိုင်သိမ်းခြင်း မဟုတ်ပါတဲ့။ ယခုလုပ်ကွက်က ဧက ၃၀၀ နီးပါးရှိပါတယ်။ လုပ်ကွက်၅ကွက်ရှိပါတယ်။၁ကွက်ကို ၅၀ ပတ်ဝန်းကျင်နှင့် လုပ်ကွက်၅ကွက် လျှောက် ထားပြီး ၁၀၅ထုတ် ထားပြီးဖြစ်ပါတယ်။

ထို့ကြောင့်အဲဒီလုပ်ငန်းများကိုရပ်ဆိုင်းပေးပြီးမှ မြေကို ပြန်လည်စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူများက တောင်းဆို ခြင်းဖြစ်ပါတယ်။ နမ္မတူမြစ်ချောင်းဘေးမှာ ပုံထားတဲ့စွန့်ပစ်မြေစာကို ပေ ၁၀၀၀ ကျော် ဝေးပါတယ် ဟုဖြေထားသော်လည်း ပေ ၂၀ တောင်မရှိပါ။ မိုးရွာလျှင်၄င်းမြေစာများက ချောင်းထဲကိုပဲ စီးဝင်နေပါတယ်။ ကတ္တားလုပ်ထားတဲ့နေရာဟာလည်း ရွာနဲ့ ၃ မိုင်ဝေးပါတယ်ဟု ဖြေထားသော်လည်း ကတ္တားကို ရွာထိပ်တွင် ပြုလုပ်ထားပြီး အနီးတွင် အိမ်ရှိပါတယ်။ တန်ပိုလျှင် ပုံထားပြီး လိုလျှင် ၁၂ဘီးယာဉ်နဲ့တင်တဲ့အခါ ပြန်ဖြည့် ပါတယ်။ ဒါကြောင့်မို့ မိဘပြည်သူတွေဟာ ကျောက်မီးသွေးရဲ့ အနကိုရှူရှိုက်နေရတဲ့အတွက်ကြောင့် ကျန်းမာရေးထိခိုက်ရပါတယ်။ ပြီးတော့လမ်းက ယခင်တုံးက ထော်လာဂျီလမ်းသာဖြစ်တယ်။ ကုမ္ပဏီမှ သိန်း၈၀၀ကျော်အကုန်ခံ ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ ရန်ပုံငွေနဲ့ပြည်သူများပြင်တာလည်း ပါဝင်သည်ကို မငြင်းလိုပါ။မည်သို့ဆိုစေ ကုမ္ပဏီကြောင့်ပျက်လျှင် ကုမ္ပဏီမှ ပြုပြင်ပေးသွားပါမည်ဆိုပြီး ဖြေထားပါတယ်။ ဒါကြောင့် အခုကျွန်မ ပိတ်သိမ်းစေချင်တာကို ပြန်လည်စိစစ်ပေးဖို့ တင်ပြ ရခြင်း ဖြစ်ပါတယ်။ ဆက်ပြီးတော့ ဓာတ်သတ္တုအသေးစားထုတ်လုပ်၍ သက်တမ်းတိုးခွင့်ပြုမိန့် ထုတ်ပေးတဲ့စာမှာလည်း ခွင့်ပြုမိန့်ရရှိတဲ့ သူဟာလိုက်နာရမဲ့စည်းကမ်းချက်သတ်မှတ်စည်းကမ်းဘောင်အတွင်း မြေပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော လုပ်ငန်း၊ လုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုများ၊ စောဒကတက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ထိခိုက် ပျက်စီးစေမှုနှင့်ပတ်သက်သော တိုင်ကြားချက်များ၊ အငြင်းပွားမှုများဖြစ်ပွားပါက ကုမ္ပဏီမှသာ တာဝန်ယူ ဖြေရှင်းရန်၊ မဖြေရှင်းနိုင်ပါက လုပ်ကိုင်ခွင့်ရပ်ဆိုင်းခြင်း၊ ပေးသွင်းထားသည့် အခွန်ခနှင့်အခြားပေးသွင်းမှုများ သိမ်းယူခြင်း ခံရမည်ကိုအတိအလင်း ပြဋ္ဌာန်းထားပြီး သဘောတူဝန်ခံကတိပြုပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အလင်းသစ်(၇)ကုမ္ပဏီ၏ ကျောက်မီးသွေးတူးဖော်ခြင်းကြောင့် ပြောင်းခြံများစိုက်ပျိုးခွင့်မရှိတော့သည့်အတွက် တောင်သူများ ဝမ်းစာ ဖူလုံမှုမရှိခြင်း၊ ကျန်းမာရေးထိခိုက်လာခြင်း၊ လယ်များရေကြီးနစ်မြှုပ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးစေခြင်းနှင့် မိမိတို့၏ လယ်ယာခြံမြေများ နိုင်ငံခြားသား လက်သို့ ကျရောက် မည်ကို စိုးရိမ်မှုရှိခြင်းနှင့် လမ်းများပျက်စီးစေခြင်းတို့ကြောင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရောင်းချ သယ်ဆောင်နေသည့် အလင်းသစ်(၇)ကုမ္ပဏီအားပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးနိုင်ပါရန် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရကို အလေးအနက်တိုက်တွန်းရင်း ကျွန်မ၏အဆိုကို နိဂုံးချုပ်အပ် ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဒေါ်နန်းစံဟွမ်၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**အားလုံးပဲမင်္ဂလာပါရှင်။လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် နန်းစံဟွမ် ဖြစ်ပါတယ်။ယခုသိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ထားရီ တင်သွင်းတဲ့ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီ မြို့နယ်၊ မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တုတူးဖော် နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန်"** တိုက်တွန်း ခြင်း အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်ရှင်။ကျေးဇူးတင်ပါတယ်ရှင်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။**

**(သို့မဟုတ်)**

**အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းခင်ထားရီတင်သွင်းသော အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇) ကုမ္ပဏီမှ သတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ရေး အတွက် စိစစ်ပေးပါရန်"** ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** အဆိုကို လက်ခံ ဆွေးနွေးရန် သဘော မတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံ ဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဒေါ်နန်းခင်ထားရီ၏ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီ တင်သွင်းတဲ့အဆိုကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၃ရက်နေ့(ဗုဒ္ဓဟူး)နေ့မှာ ဆွေးနွေးပါမယ်။ဆွေးနွေးမယ့် ကိုယ်စားလှယ်အနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါမှာ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ (၁၃. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီ မြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်း ပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆိုနှင့်စပ်လျဉ်းပြီးလွှတ်တော် ကိုယ်စားလှယ် (၂) ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမ ဦးစွာ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းညဏ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းညဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း နှင့်ပြည့်စုံကြပါစေကြောင်း ပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်ဖြစ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ၏ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်လုပ်ကိုင်နေသော လုပ်ကွက်များသည် ယခင်အစိုးရ ကာလက သေချာစွာ စိစစ် ပေးခဲ့ခြင်းမရှိဘဲ ပွင့်လင်းမြင်သာမှု အားနည်းစွာဖြင့် လျင်မြန်စွာ လုပ်ကိုင်ခွင့်ပေးခဲ့ သည်ကို တွေ့ရှိရပါတယ်။ မြေပြင်လုပ်ကွက်များအပေါ် မူလပိုင်ရှင်ရှိနေမှု များကို ပုံစံ(၁၀၅) ထုတ်ပေးခဲ့မှု၊

သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုကို သေချာစွာ ကွင်းဆင်း လေ့လာခဲ့မှုမရှိခြင်း၊ ဒေသခံများ၏ လူနေမှုဘဝ ထိခိုက်နိုင်မှုကို သေချာစွာ ကွင်းဆင်းလေ့လာမှုမရှိခြင်း၊ ဒေသခံများ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းတွက်ချက် ဆောင်ရွက်မှုမရှိခြင်း၊ သတ္တုလုပ်ငန်းများသည် သတ်မှတ်စည်းမျဉ်း၊ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခဲ့မှု အားနည်းခြင်း၊ ဝန်ကြီး ဌာနမှလည်း သတ္တုလုပ်ငန်းများအား ကြီးကြပ်စိစစ်မှု အပြည့်အဝ မဆောင်ရွက်နိုင်ခြင်းစသည့် အားနည်းချက်များစွာကို လေ့လာတွေ့ရှိရပါတယ်။ အဆိုပါ အားနည်းချက်များစွာကို ယခု သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့်ကောင်းအိုင်ကျေးရွာအုပ်စု၊ အလင်းသစ်(၇) သတ္တုကုမ္ပဏီလုပ်ငန်းလည်း ပါဝင်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ယခုအလင်းသစ်(၇) ကုမ္ပဏီ လုပ်ကိုင်လျက်ရှိနေသော ယခုကာလသည် ဒေသခံ ပြည်သူများ ကန့်ကွက် နေသည့်ကြားမှ ယခင်ဝန်ကြီးဌာနများသည် ကွင်းဆင်း စိစစ်မှုမရှိဘဲ နိုင်ငံရေး အပြောင်းအလဲကာလအတွင်း ပုံမှန်မဟုတ်သော၊ ပွင့်လင်းမြင်သာမှုမရှိသော အနေအထားဖြင့် လျင်မြန်စွာ သက်တမ်း တိုးပေးခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ယခုအစိုးရ သက်ဆိုင်ရာဝန်ကြီးဌာနသည် အဆိုပါ အားနည်းချက်များစွာ ရှိနေသော သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင် ကျေးရွာအုပ်စု၊ အလင်းသစ်(၇)သတ္တု လုပ်ကွက်အား ဒေသခံ ဆန္ဒများနှင့်အညီ ပြန်လည်စိစစ်ပေးပါရန် ဆွေးနွေးထောက်ခံ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါရှင်။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ရပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းဖြစ်ပါတယ်။ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊သိန္နီမြို့နယ်၊ မိုင်းပါးကျေးရွာ အုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ်(၇) ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်း ပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် အဆိုကို ဆွေးနွေး ထောက်ခံ သွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး ရှင်။ မနေ့က ဒေါ်နန်းခင်ထားရီ တင်ပြသွားသော ကျောက်မီးသွေးတူးဖော် ရာတွင် စက်ယန္တရားကြီးများ အသုံးပြု၍ တူးဖော်နေကြသည့်အတွက် စွန့်ပစ်မြေစာများ၊ ကျောက်တုံး ကျောက်ခဲများ၊ ဖြုန်းသဲ များသည် နမ္မတူမြစ်ထဲသို့ ပြိုကျပိတ်ဆို့ခြင်းကြောင့် စိုက်ပျိုးမြေများ၊ လယ်များ၊ ရေကြီးနစ်မြုပ်နိုင်သည့် ဆိုးကျိုးများ ဖြစ်လာနိုင်ကြောင်း Power Slide ဖြင့် ပြသခဲ့ပြီးသည်များကို အားလုံးတွေ့မြင်ခဲ့ကြရပါတယ်။ ၎င်းအကျိုးဆက်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ပျက်စီးခြင်း၊ ဒေသခံပြည်သူလူထု စားဝတ်နေရေး ကျပ်တည်းခြင်းနှင့် မလိုလားအပ်သည့် နောက်ဆက်တွဲ ဖြစ်ရပ်များဖြစ်ပေါ်လာနိုင်ပါတယ်။ ထိုအပြင် တောင်သူများ အနေဖြင့် မကျေနပ်၍ တောင်းဆိုလာပါက လူထုလှုပ်ရှားမှု အသွင်ထိဖြစ်ပေါ်လာနိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဤကျောက်မီးသွေးသတ္တုတူးဖော်သည့်လုပ်ငန်းနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီး ဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် အတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်နေ့စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ၀၀၃/၂၀၁၅ အရ အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်ဟုပါရှိထားပါတယ်။ စည်းကမ်းချက် (၇)ချက်ရှိသည့် အနက် စည်းကမ်းချက်အပိုဒ် (၆) တွင် ဤခွင့်ပြုချက်အား သတ်မှတ်စည်းကမ်းဘောင်အတွင်း မြေပိုင်ဆိုင်မှုနှင့် သက်ဆိုင်သော လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သော အငြင်းပွားမှုများ စောဒကတက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ပျက်စီးစေမှုနှင့် ပတ်သက်သော တိုင်ကြားချက်များ၊ အငြင်းပွားမှုများဖြစ်ပွားပါက ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းရန်။မဖြေရှင်းနိုင်ပါက လုပ်ကိုင်ခွင့်ရပ်ဆိုင်းခြင်း၊ ပေးသွင်းထားသည့် အခွန်အခနှင့် အခြား

ပေးသွင်းမှုများ သိမ်းယူခြင်း၊ လုပ်ကွက် ပြန်လည်သိမ်းယူခြင်း ခံရမည်ကို သဘောတူ ဝန်ခံကတိပြုရမည်ဟု ပါရှိထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်က (၂၉-၄-၂၀၁၆) ရက်နေ့တွင် နိုင်ငံတော်သို့ ပြောကြားခဲ့သည့် နှစ်သစ်မိန့်ခွန်းတွင်လည်း မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပစ္စည်းများပေါများသည့် နိုင်ငံဖြစ်သော်လည်း သယံဇာတထက် နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းအင်ကိုသာ အလေးထားကြောင်း ၊ သယံဇာတပစ္စည်းများသည် တစ်ကြိမ် တစ်ခါမှာ ကုန်ခမ်းသွားနိုင်ကြောင်း၊ သယံဇာတ ပစ္စည်းမရှိသည့် နိုင်ငံများသည်ပင် အင်မတန်ဩဇာ လွှမ်းမိုးနေသည်များကို သတိပြုမိမှာဖြစ်ကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများကိုသာ အားကိုးပါကြောင်းစသဖြင့် အတိအလင်းပြောကြားသွားခဲ့ပြီးဖြစ်သည်ကို သိရှိကြပြီးဖြစ်ပါလိမ့်မယ်။ သို့ပါသောကြောင့် သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ တင်သွင်းခဲ့သောအဆိုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ်၊ မိုင်းပါး ကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ် (၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းကို ပိတ်သိမ်းပေးနိုင်ရေးအတွက် စိစစ်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း လေးလေး နက်နက် ထောက်ခံဆွေးနွေးလိုက်ရ ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(c)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ရှင်းလင်း ဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)သိန္နီ မြို့နယ်၊ မိုင်းပါးကျေးရွာအုပ်စုနှင့် ကောင်းအိုင်ကျေးရွာအုပ်စုအတွင်း အလင်းသစ (၇)ကုမ္ပဏီသတ္တုတူးဖော်နေခြင်းအား ပိတ်သိမ်းပေးနိုင်ဖို့ စိစစ်ပေးဖို့ တိုက်တွန်းတဲ့ အဆိုကို ကျွန်တော့် အနေနဲ့ ပြန်လည် ရှင်းလင်းပေးမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ တစ်ဆင့် မေးမြန်းလာတဲ့ အဆိုမေးခွန်းနှင့် ပတ်သက်၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၄၊ ပုဒ်မ ၅ အရ သတ္တု လုပ်ငန်းလုပ်ကိုင် လျှောက်ထားလိုသူများ သည်မြန်မာ့သတ္တုတွင်းနည်းဥပဒေအခန်း(၂)၊ နည်းဥပဒေ ၃ အရ သတ္တုရှာဖွေခြင်း လုပ်ငန်းကို လုပ်ကိုင် လိုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်း သို့မဟုတ် ကျောက်ရှာဖွေခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာန သို့လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၁)ဖြင့် လျှောက်ထားရမည်။ နည်းဥပဒေ အခန်း(၃)၊ နည်းဥပဒေ ၁၂ အရ သတ္တုစမ်းသပ် တိုင်းတာခြင်းလုပ်ငန်းကို လုပ်ကိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်စမ်းသပ် တိုင်းတာခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနသို့လည်းကောင်း ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၁)ဖြင့် လျှောက်ထား ရမည်။ နည်းဥပဒေအခန်း(၄) နည်းဥပဒေ ၂၃ အရ သတ္တုစက်မှု တွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အကြီးစား ထုတ်လုပ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

နည်းဥပဒေအခန်း(၅)၊ နည်းဥပဒေ ၃၅ အရ သတ္တု အသေးစားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင် လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဝန်ကြီးဌာနသို့လည်းကောင်း၊ စက်မှု တွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အသေးစား ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်

ဦးစီးဌာနသို့လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိရန် ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

နည်းဥပဒေအခန်း(၆)၊ နည်းဥပဒေ ၄၃ အရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ဧရိယာ လုပ်ကွက် များတွင် သတ္တုစက်မှု၊ တွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ သတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အရာရှိထံသို့ ပုံစံ(၅)ဖြင့် လျှောက်ထားရမည်။

နည်းဥပဒေ အခန်း(၇)၊ နည်းဥပဒေ ၄၇ အရ ဓာတ်သတ္တု ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း(၃)ရပ် အနက် တစ်ရပ်ထက်ပိုသောလုပ်ငန်းများကို တစ်ပေါင်းတည်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို ရရှိလိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ ပုံစံ(၁)နှင့် ပုံစံ (၃)တို့ကို လိုအပ်သလို ဖြည့်စွက်၍ လျှောက်ထားရမည်ဖြစ်ပြီး ပြည်ထောင်စု ဝန်ကြီးရုံးမှ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အား သဘောထား မှတ်ချက်တောင်းခံခြင်းကိစ္စကိုသာ ဆောင်ရွက်တာဖြစ်ပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့မှစိစစ်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုရန် သင့်/မသင့် သဘောထားမှတ်ချက်အား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့ပြီး ပြည်ထောင်စု ဝန်ကြီးရုံးမှခွင့်ပြုပါက မြန်မာ့သတ္တုတွင်း နည်းဥပဒေပါ ပုံစံများနှင့် အညီ ခွင့်ပြုမိန့် ထုတ်ပေးထားခြင်းဖြစ်ပါတယ်။ သတ္တုများကို စိစစ် ကြပ်မတ်ရေးနှင့်ပတ်သက်ပြီး မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၂၅ အရ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ တာဝန်ယူပြီးတော့ စိစစ်ကြပ်မတ်ပေးခြင်းဖြစ် ပါတယ်။

သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ၏ အဆိုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၁၁)၊ နည်းဥပဒေ ၉၂ အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား မေးမြန်းသော သို့မဟုတ် အဆို မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူ ကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှု တစ်ရပ်ရပ်နှင့်သက်ဆိုင်စေရမည်" ဟု ပြဋ္ဌာန်းထားရှိပြီး အဆိုပါ ဓာတ်သတ္တုရှာဖွေရန်၊ စမ်းသပ်တိုင်းတာရန်၊ ဓာတ်သတ္တုအကြီးစား၊ အသေးစားထုတ်လုပ်ရန် လုပ်ငန်း၊ခွင့်ပြုမိန့်များချပေးရန် စိစစ်ကြပ်မတ်ပေးရန် လုပ်ငန်း များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ သဘောထား မှတ်ချက်ပြုခြင်းသာ ဆောင်ရွက်ရပြီး ခွင့်ပြုမိန့်များ ထုတ်ပေးခြင်းနှင့် စစ်ဆေး ကြပ်မတ်ခြင်းလုပ်ငန်းများကို သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှသာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ နေပြည်တော်သို့ ဌာနသတ်မှတ်စည်းမျဉ်းစည်းကမ်း အတိုင်း ထုတ်လုပ်မှု ရှိ/မရှိ၊ ပတ်ဝန်းကျင် ထိခိုက်မှုရှိ/မရှိ၊ ကျွမ်းကျင်သူ များဖြင့် ကွင်းဆင်းစစ်ဆေးပေးရေး တင်ပြဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒေါ်နန်းခင်ထားရီတင်သွင်းသည့် အဆိုကို ပြည်နယ်အဖွဲ့အစည်းဝင်အနေနဲ့ အတည်ပြုရန် သဘောတူသည်ဆိုသည့်အကြောင်း ရှင်းရှင်းလင်းလင်းမသိရှိပါ။ အဆိုနှင့်ပတ်သက်၍ အတည်ပြုသည်ကို ဖြစ်စေချင်သလား။ ဒါမှမဟုတ် အခြားနည်းဖြင့် ဖြစ်စေချင်သလား။ ရှင်းရှင်းလင်းလင်း ပြောကြားပေးဖို့ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ အဆိုကို အတည်ပြုရန် သို့မဟုတ်အခြား နည်းလမ်းဖြင့် ဖြစ်စေရန်ရှင်းရှင်း လင်းလင်းပြောကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။** မှတ်တမ်းတင်ထားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်ရန်အတွက် သဘောထားပေးပါတယ်။ ၎င်းအဆိုနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆို တင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေး နိုင်ပါတယ်။

**ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ သိန္နီမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်။ ယခုရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျွန်မ၏ အဆိုကို မှတ်တမ်းတင် သည်ကို သဘောတူပါတယ်။ ဒါပေမဲ့ တစ်ခုတော့မေးချင်ပါတယ်။ ပြည်ထောင်စုအဆင့်ကသာ ဒီလုပ်ငန်းတွေ ကို ပြန်လည်စိစစ်ပေးနိုင်သည်ဆိုလျှင် ရှမ်းပြည်နယ်မှာရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဘာတွေများလုပ်ခွင့်ရှိပါသလဲ။ ပြီးလျှင် ပြန်လည်စိစစ်ပေးဖို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မလုပ်ဆောင် နိုင်ဘူးလား ဆိုသည်ကို ရှင်းရှင်းလင်းလင်းသိပါရစေ။

**ဥက္ကဋ္ဌ။** အဲဒီတော့အဆိုကို မှတ်တမ်းတင်ရန် သဘောတူတယ်။ ထပ်ဆင့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရ၏ လုပ်ပိုင် ခွင့်ကို သိချင်သည့်သဘောဖြစ်ပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရ၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်းပြီးသိချင်သည့်အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်သီးခြားဆက်သွယ်ပြီး ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ လောလောဆယ်မှာ မှတ်တမ်းတင်တာကို သဘောတူတယ်ဆိုတာကို သဘော ပေါက်မိပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင် က ပြန်လည် ရှင်းလင်းဆွေးနွေးသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်က ၎င်းအဆိုကို မှတ်တမ်းတင်ရန် သဘောတူတဲ့ အတွက် ဒေါ်နန်းခင်ထားရီ တင်သွင်းသော အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းခင်ထားရီ၏ တင်သွင်းသည့် အဆိုကို လွှတ်တော်က မှတ်တမ်းတင်ရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူတဲ့အတွက် ၎င်းအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။